**အရပ်ရပ်ဌာနခွဲ**

**(၁၉၆၁ ခုနှစ်၊ လွှတ်တော်ချုပ် တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန်ကြီးများဆိုင်ရာနည်းဥပဒေများ။)**

**အမှတ် ၂၈၈**

**ရန်ကုန်မြို့၊ ၁၃၂၃ ခု၊ ပဋ္ဌမဝါဆိုလဆန်း ၁၅ ရက်။**

**(၁၉၆၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်။)**

အမှတ် ၂၈၈။ ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (၃) ဖြင့်အပ်နှင်းသည့် အာဏာကိုသုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကိုပြဋ္ဌာန်း လိုက်သည်။

**၁၉၆၁ ခုနှစ်၊ လွှတ်တော်ချုပ် တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန်ကြီးများဆိုင်ရာနည်းဥပဒေများ။**

**အပိုင်း ၁။**

**နိဒါန်း။**

**အမည်နှင့်စတင်အာဏာတည်ခြင်းနှင့် သက်ဆိုင်ခြင်း**

၁။ ။ (၁) ဤနည်းဥပဒေများကို ၁၉၆၁ ခုနှစ်၊ လွှတ်တော်ချုပ်တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန် ကြီးများဆိုင်ရာ နည်းဥပဒေများဟုခေါ်ရမည်။

(၂) ဤနည်းဥပဒေများသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ ဤနည်းဥပဒေများသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် ဖြစ်စေ၊ ထိုနေ့ရက်နောက်တွင် ဖြစ်စေ လွှတ်တော်ချုပ်တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန်ကြီးများအဖြစ်ခန့်ထားခံရသောပုဂ္ဂိုလ် အားလုံးနှင့်သက်ဆိုင်ရမည်။

**အဓိပ္ပါယ်ဖော်ပြချက်များ။**

၃။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေမ ဆန့်ကျင်လျှင်-

(၁) **“နိုင်ငံတော်သမတ”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမတ ကိုဆိုလိုသည်။

(၂) **“အခြေခံဥပဒေ”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုဆိုလို သည်။

(၃) **“တရားလွှတ်တော်ချုပ်”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတရားလွှတ်တော်ချုပ်ကို ဆိုလို သည်။

(၄) **“တရားလွှတ်တော်”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တရားလွှတ်တော်ကိုဆိုလိုသည်။

(၅) **“တရားဝန်ကြီးချုပ်”**ဆိုသည်မှာ၊ သီးခြားဖော်ပြခြင်းမရှိခဲ့သော်၊ နိုင်ငံတော်တရားဝန်ကြီးချုပ် ကိုဖြစ်စေ၊ လွှတ်တော်တရားဝန်ကြီး ချုပ်ကိုဖြစ်စေ ဆိုင်သင့်ရာရာကိုဆိုလိုသည်။

(၆) **“ခေတ္တတရားဝန်ကြီးချုပ်”**ဆိုသည်မှာ၊ အခြေခံဥပဒေအရ၊ တရားဝန်ကြီးချုပ်အဖြစ်ဖြင့် ခေတ္တ ဆောင်ရွက်ရန်ခန့်ထားခံရသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

Myanmar Law Information System (MLIS)

(၇) **"ခေတ္တတရားဝန်ကြီး"**ဆိုသည်မှာ၊ အခြေခံဥပဒေအရ၊ တရားဝန်ကြီးအဖြစ်ဖြင့် ခေတ္တဆောင်ရွက် ရန်ခန့်ထားခံရသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(၈) **"တရားဝန်ကြီး"** ဆိုသည်မှာ၊ သီးခြားဖေါ်ပြခြင်းမရှိခဲ့သော်၊ တရားဝန်ကြီးချုပ်၊ ခေတ္တတရားဝန် ကြီးချုပ်နှင့် ခေတ္တတရားဝန်ကြီးများပါဝင်သည်။

(၉) **"အမှန်စင်စစ်ဆောင်ရွက်သည့်အမှုထမ်းသက်"** ဆိုသည်မှာ-

(က) တရားဝန်ကြီးတဦးဦးက၊ တရားဝန်ကြီးအဖြစ်ဖြင့် အလုပ်ဝတ္တရား ဆောင်ရွက်သည့် အချိန်ကာ လ၊ သို့တည်းမဟုတ်မိမိအားဆောင်ရွက်ရန်၊ နိုင်ငံတော် သမတ ကညွှန်ကြားသည့် အခြားအလုပ်ဝတ္တရား များကို ဆောင်ရွက်သည့်အချိန်ကာလပါဝင်သည်။ ထို့ပြင်

(ခ) ရုံးပိတ်ရက်များပါဝင်သည်၊ ထိုရုံးပိတ်ရက်များတွင် တရားဝန်ကြီးအားလပ်ခွင့်နှင့် နေသည့်အချိန် ကာလ မပါဝင်ချေ။

(၁၀) **"ပင်ရှင်အတွက်အမှုထမ်းသက်"** ဆိုသည်မှာ-

(က) အမှန်စင်စစ်ဆောင်ရွက်သည့် အမှုထမ်းသက်ပါဝင်သည်။

(ခ) လစာပြည့်နှင့် အားလပ်ခွင့်ယူသည့်ကာလအပိုင်းအခြားအသီးသီးအနက်တလဖြစ်စေ၊ အမှန်အားလပ်ခွင့်ယူသည့် ကာလအပိုင်းအခြားဖြစ်စေ ၎င်းတို့အနက် နည်းရာကာလအပိုင်းအခြားပါဝင်သည်။ ထို့ပြင်

(ဂ) အသက် ၄၈ နှစ် ၆ လ ကျော်လွန်သည့် လွှတ်တော် ရှေ့နေများထဲမှ ခန့်ထားသည့် တရားဝန်ကြီးနှင့် စပ်လျဉ်း၍၊ တရားဝန်ကြီးအဖြစ် အမှန်စင်စစ်ဆောင်ရွက်သည့် အမှုထမ်းသက်မှာ သုံးနှစ်အောက်မ နည်းပါက၊ ထိုအမှုထမ်းသက်နှင့် နောက်ထပ်ထည့်ပေါင်းပေးရမည့် အမှုထမ်းသက် သုံးနှစ်လည်း ပါဝင် သည်။

## အပိုင်း ၂။

## အားလပ်ခွင့်။

၄။ ဤအပိုင်းရှိ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ တရားဝန်ကြီးအား ၎င်းကြိုက် နှစ်သက်ရာ အောက်ပါအားလပ်ခွင့် တမျိုးမျိုးကိုပေးနိုင်သည်။

(က) လစာပြည့်နှင့် အားလပ်ခွင့်၊ သို့တည်းမဟုတ်

(ခ) လစာဝက်နှင့် အားလပ်ခွင့်၊ သို့တည်းမဟုတ်

(ဂ) လစာပြည့်နှင့် အားလပ်ခွင့် အချို့အဝက်၊ လစာဝက်နှင့် အားလပ်ခွင့် အချို့အဝက်။

၅။ ။ (၁) တရားဝန်ကြီးတဦးမှာ၊ လစာပြည့်နှင့် အားလပ်ခွင့်ကို မိမိအမှန်စင်စစ်ဆောင်ရွက်သည့်အမှု ထမ်းသက်၏ဆယ့်တပုံတပုံနှုန်းဖြင့် ရခွင့်ရှိရမည်။

(၂) တရားဝန်ကြီးတဦးသည်၊ လစာပြည့်နှင့် ရယူနိုင်သော အားလပ်ခွင့်ကိုမည်သည့်အခါတွင်မျှ လေးလ ထက်ပို၍စုဆောင်းထားခြင်းမရှိစေရ။

(၃) ကိုယ်ရေးကိုယ်တာကိစ္စအတွက် အားလပ်ခွင့်ကို စုစုပေါင်း ၁၂ လမျှတရားဝန်ကြီးအား ပေးနိုင် သည်။ သို့ရာတွင် ထိုအားလပ်ခွင့်ကို၊ တကြိမ်လျှင်အများဆုံး သုံးလအထိသာလျှင်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

(၄) ဆေးလက်မှတ်နှင့် အားလပ်ခွင့်ကိုစုစုပေါင်း ၁၂ လထက်မပိုသောကာလ အတွက် တရားဝန်ကြီး အားပေးနိုင်သည်။ ဆေးလက်မှတ်နှင့် အားလပ်ခွင့်ကို ဤကိစ္စအလို့ငှါ နိုင်ငံတော် သမတကသာမန်၊ သို့ တည်းမဟုတ် အထူးအမိန့်ဖြင့်သတ်မှတ်သည့်ဆေးဘက်ဆိုင်ရာ အာဏာပိုင်တို့ကထုတ်ပေးသော လက် မှတ်ကိုတင်ပြမှသာ ပေးနိုင်သည်။ ထိုသို့ပေးသော အားလပ်ခွင့်သည်၊ ဆေးဘက်ဆိုင်ရာ အာဏာပိုင်တို့ က ထောက်ခံသည့် ကာလအပိုင်းအခြားထက်မပိုစေရ။

၆။ ။ သုံးလထက်မပိုသော အထူးအားလပ်ခွင့်ကို၊ တရားဝန်ကြီး၏ အမှုထမ်းသက်တွင် တကြိမ်ထက် ပို၍မပေးရ။

၇။ ။ ဤအပိုင်းပါနည်းဥပဒေများအရ၊ ခွင့်ပြုသည့်မည်သည့် အားလပ်ခွင့်မျိုးကိုမဆို၊ အခြားအားလပ်ခွင့် တမျိုးမျိုးနှင့်ပေါင်း၍ဖြစ်စေ၊ ဆက်၍ဖြစ်စေ ပေးနိုင်သည်။

၈။ ။ (၁) ဤနည်းဥပဒေများအရ၊ ခွင့်ပြုသည့်မည်သည့် အားလပ်ခွင့်မျိုးကိုမဆို၊ ရုံးပိတ်ရက်များနှင့် ပေါင်း၍ ဖြစ်စေ၊ ဆက်၍ဖြစ်စေ ယူနိုင်သည်။ သို့ရာတွင် လစာပြည့်နှင့် အားလပ်ခွင့်ကို အခြား အားလပ် ခွင့်နှင့်ပေါင်း၍ ၊ သို့တည်းမဟုတ် ဆက်၍ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ရုံးပိတ်ရက်နှင့် ဆက်၍ယူ သောအခါ ၊ ထိုလစာပြည့်အားလပ်ခွင့်နှင့် ရုံးပိတ်ရက်တို့သည် စုစုပေါင်းလေးလထက်မပိုစေရ။

(၂) ရုံးပိတ်ရက်ကို အားလပ်ခွင့်နှင့်ပေါင်းခြင်းကြောင့်၊ ရုံးပိတ်ရက်ကာလအပိုင်းအခြားအတွင်း၊ ခေတ္တ တရားဝန်ကြီး တဦးဦးကို ခန့်ထားရန်လိုအပ်မည်ဖြစ်လျှင်၊ ရုံးပိတ်ရက်ကိုအားလပ်ခွင့်နှင့်ပေါင်းရန်မည် သည့် တရားဝန်ကြီးကိုမျှခွင့်မပြုရ။

၉။ ။ (၁) လစာပြည်နှင့်အားလပ်ခွင့်ယူသော တရားဝန်ကြီးသည်၊ မိမိအားလပ်ခွင့်ယူမည့်ဆဲဆဲတွင် ထုတ် ယူသည့်လစာနှင့်တူညီသော အားလပ်ခွင့်လစာကိုထုတ်ယူရမည်။

(၂) အသက် ၄၈ နှစ် ၆ လကျော်လွန်သည့် လွှတ်တော်ရှေ့နေများထဲမှ ခန့်ထားသည့်တရားဝန်ကြီး၏တ ရားဝန်ကြီးအဖြစ်အမှန်စင်စစ် ဆောင်ရွက်သည့်အမှုထမ်းသက်သည်၊ သုံးနှစ်အောက်မနည်းပါက၊ အ သက်ပြည့်၍ အငြိမ်းစားယူသည့်အခါ၊ အားလပ်ခွင့်အတွက် အမှုထမ်းသက်တွင် သုံးနှစ်ထည့်ပေါင်း ပေးရမည်။

(၃) ကိုယ်ရေးကိုယ်တာကိစ္စအတွက်၊ သို့တည်းမဟုတ် ဆေးလက်မှတ်နှင့်အားလပ်ခွင့်ယူသော တရား ဝန်ကြီးသည်၊ မိမိအားလပ်ခွင့်ယူမည့် ဆဲဆဲတွင် ထုတ်ယူသည့်လစာ၏ ထက်ဝက်နှင့်တူညီသော အားလပ်ခွင့်လစာကိုထုတ်ယူရမည်။ သို့ရာတွင်ထိုသို့ထုတ်ယူသည့် အားလပ်ခွင့်လစာသည် အများဆုံး ငွေ ၁,၁၁၀/- သာဖြစ်ရမည်။

(၄) အထူးအားလပ်ခွင့်ယူသော တရားဝန်ကြီးမှာ၊ မည်သည့် အားလပ်ခွင့်လစာကိုမျှရထိုက်ခွင့်မရှိစေရ။

၁၀။ ။ တရားဝန်ကြီးသည်၊ မိမိ၏ အားလပ်ခွင့်ကာလ အပိုင်းအခြားထက် ကျော်လွန်၍သော်၎င်း၊ ရုံးပိတ်ရက်ထက်ကျော်လွန်၍သော်၎င်းရုံးမတက်ဘဲနေခဲ့သော် မိမိအားပေးသည့်အားလပ်ခွင့်၊ သို့တည်း မဟုတ်ရုံးပိတ်ရက်ဆိုင်သင့်ရာထက် ကျော်လွန်၍ ရုံးမတက်ဘဲနေသည့် ကာလအပိုင်းအခြားအတွက်၊ မည်သည့်လစာကိုမျှမရရှိရ။

သို့ရာတွင်ထိုသို့ တရားဝန်ကြီးရုံးမတက်ဘဲနေခြင်းမှာ၊ မိမိမတားဆီးနိုင် သော အကြောင်းများကြောင့် ဖြစ်ခဲ့သော်၊ ၎င်းအားဤအပိုင်းပါ အခြားနည်းဥပဒေများအရ၊ ရခွင့်ရှိပါက အားလပ်ခွင့်ကို လစာ နှင့်တကွ ပေးနိုင်သည်။

၁၁။ ။ နိုင်ငံတော်သမတမှာ၊ လွှတ်တော်ချုပ် တရားဝန်ကြီးများ ကိစ္စတွင်၊ နိုင်ငံတော်တရားဝန်ကြီးချုပ် နှင့် ညှိနှိုင်းတိုင်ပင်၍၎င်း၊ လွှတ်တော်တရားဝန်ကြီးများကိစ္စတွင်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်၊ လွှတ်တော်တရားဝန်ကြီးချုပ် တို့နှင့် ညှိနှိုင်းတိုင်ပင်၍၎င်း အားလပ်ခွင့်ပေးရန်၊ မပေးဘဲနေရန်၊ ရုပ်သိမ်းရန်၊ သို့တည်းမဟုတ် လျှော့ပေါ့ရန်အာဏာရှိရမည်။

## အပိုင်း ၃။

## ပင်ရှင်လစာ။

၁၂။ ။ (၁) ဤအပိုင်းရှိ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပင်ရှင်လစာကို တရားဝန်ကြီးအား အငြိမ်းစားယူသောအခါပေးရမည်။ သို့ရာတွင်ထိုတရားဝန်ကြီးသည်-

(က) ပင်ရှင်အတွက်အမှုထမ်းသက်အနည်းဆုံး ၁၁(၁/၂) နှစ်ပြည့်ပြီးဖြစ်ရမည်။ သို့တည်းမဟုတ်

(ခ) ပင်ရှင်အတွက်အမှုထမ်းသက်အနည်းဆုံး ၆(၃/၄) နှစ်ပြည့်ပြီးဖြစ်၍အသက် ၆၀ ပြည့်ရမည်။ သို့တည်း မဟုတ်

(ဂ) ပင်ရှင်အတွက်အမှုထမ်းသက်အနည်းဆုံး ၆(၃/၄) နှစ်ပြည့်ပြီးဖြစ်၍ မကျန်းမာသောကြောင့် အငြိမ်းစား ယူရကြောင်းဖြင့်သက်သေခံ ဆေးလက်မှတ်ရရှိရမည်။ သို့တည်းမဟုတ်

(ဃ) ပင်ရှင်အတွက် အမှုထမ်းသက် သုံးနှစ်ရှိပြီး၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၃ ၄၊ ဒုတိယခြွင်းချက်အရ အငြိမ်းစားယူခွင့်ရရှိရမည်။

(၂) နိုင်ငံတော် သမတ သည်၊ အထူးအကြောင်းများကြောင့် သုံးလထက်မပို သောကာလအပိုင်းအခြား ကို တရားဝန်ကြီး၏ ပင်ရှင်အတွက် အမှုထမ်းသက်တွင်ထပ်ဖြည့်ရမည်ဟု ဆင့်ဆိုနိုင်သည်။

၁၃။ ။ (၁) အငြိမ်းစားယူသည့်အခါ ပင်ရှင်ရထိုက်သည့် တရားဝန်ကြီးအား ပေးရမည့်နှစ်စဉ် ပင်ရှင် လစာကို ဤနည်းဥပဒေများ၏ဇယားများတွင်ဖော်ပြထားသည့်နှုန်းအတိုင်း သတ်မှတ်ရမည်။

(၂) ခေတ္တတရားဝန်ကြီးချုပ်အဖြစ်အမှုထမ်းရွက်ပြီးနောက်၊ တရားဝန်ကြီးချုပ် အဖြစ်ခန့်ထားခံရသည့် တရားဝန်ကြီး၏ ပင်ရှင်လစာကို တွက်ချက်ရန်ကိစ္စအလို့ငှါ၊ ခေတ္တတရားဝန်ကြီးချုပ်အဖြစ် ဆောင်ရွက် သောအမှုထမ်းသက်သည် တရားဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သည့်အမှုထမ်းသက်ဖြစ် သည်ဟုမှတ်ယူ ရမည်။

(၃) လွှတ်တော်တရားဝန်ကြီးအဖြစ် အမှုထမ်းရွက်ပြီးနောက်၊ လွှတ်တော်ချုပ်တရားဝန်ကြီးအဖြစ်ခန့် ထားခံရသည့် လွှတ်တော်ချုပ်တရားဝန်ကြီး၏ ပင်ရှင်လစာကိုတွက်ချက်ရန်ကိစ္စအလို့ငှါ၊ လွှတ်တော် တရားဝန်ကြီးအဖြစ် ဆောင်ရွက်သည့် အမှုထမ်းသက်သည် လွှတ်တော်ချုပ်တရားဝန်ကြီးအဖြစ် ဆောင် ရွက်သည့်အမှုထမ်းသက်ဖြစ်သည်ဟုမှတ်ယူရမည်။

(၄) အာဏာလွှဲပြောင်းသောနေ့ရက်မတိုင်မီက ရန်ကုန်မြို့၊ ဟိုက်ကုတ်လွှတ်တော်တရားဝန်ကြီး အဖြစ် ဖြင့် ဆောင်ရွက်ခဲ့သည့်အမှုထမ်းသက်သည်၊ ထိုစဉ်အခါက တည်ဆဲဖြစ်သော နည်းဥပဒေများအရ၊ သို့တည်းမဟုတ် အမိန့်များအရ ပင်ရှင်ပေးနိုင်သည့်အမှုထမ်းသက်မဟုတ်လျှင်၊ ထိုအမှုထမ်းသက်သည်

ဤအပိုင်းပါနည်းဥပဒေများကိစ္စအလို့ငှါ ပင်ရှင်လစာအတွက်အမှုထမ်းသက်ဖြစ်သည်ဟုမှတ်ယူရမည်။
ဤအပိုင်းပါနည်းဥပဒေများသည်အာဏာလွှဲပြောင်းသည့်နေ့ရက်မတိုင်မီက တည်ဆဲ ဖြစ်သောနည်း ဥပဒေများအရ အများဆုံးပင်ရှင် လစာပေးပြီးဖြစ်သည့် ကိစ္စများနှင့်မသက်ဆိုင်ချေ။

၁၄။ ။ နည်းဥပဒေ ၁၂ နှင့်နည်းဥပဒေ ၁၃ အရ၊ ပင်ရှင်လစာရခွင့်မရှိသော တရားဝန်ကြီးမှာ၊ တရားဝန်ကြီးအဖြစ်ဖြင့် မိမိအမှုထမ်းရွက်ခဲ့သည့်နှစ်များအတွက် တနှစ်လျှင်တလ၏ လစာနှင့် ညီမျှ သော အထူးဆုငွေကိုရခွင့်ရှိရမည်။

၁၅။ ။ (၁) ဤနည်းဥပဒေ ပါပြဋ္ဌာန်းချက်များသည်၊ တရားဝန်ကြီးအဖြစ် ခန့်ထားခြင်းမခံ ရမီ၊ အခြေခံဥပဒေပုဒ်မ ၁၄၂ (၂) (ခ) တွင်ဖေါ်ပြထားသော တရားဌာနမှ ရာထူးမျိုးတွင် အမှုထမ်း ရွက်ခဲ့ဘူးသော တရားဝန်ကြီးနှင့်သက်ဆိုင်ရမည်။

(၂) အဆိုပါတရားဝန်ကြီးသည်၊ နည်းဥပဒေ ၁၂ နှင့်နည်းဥပဒေ ၁၃ အရပင်ရှင်လစာရခွင့်ရှိလျှင်၊ ထိုပင်ရှင်လစာကိုသော်၎င်း၊ တဆက်တည်းဖြစ်သော နောက်နည်းဥပဒေခွဲတွင် ရည်ညွှန်းသည့် ပင်ရှင်လစာကိုသော်၎င်း နှစ်သက်ရာတခုခုကိုယူရန်ရွေးချယ်ရမည်။

(၃) အဆိုပါတရားဝန်ကြီးသည်၊ နည်းဥပဒေ ၁၂ နှင့်နည်းဥပဒေ ၁၃ အရပင်ရှင်လစာရခွင့်မရှိလျှင်၊ သို့တည်းမဟုတ်အဆိုပါပင်ရှင်လစာကိုရခွင့်ရှိလျက်နှင့်ယူရန်ရွေးချယ်ခြင်းမပြုလျှင်၊ ထိုတရားဝန်ကြီး အားပေးရမည့် ပင်ရှင်လစာသည်၊ တရားဝန်ကြီးအဖြစ်ခန့်ထားခြင်းမခံရမီက အမှုထမ်းရွက်ခဲ့သော တရားဌာန ရာထူးနှင့်သက်ဆိုင်သည့် နည်းဥပဒေများအရ မိမိရခွင့်ရှိသည့် ပင်ရှင်လစာဖြစ်ရမည်။
တရားဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့သော ၎င်း၏အမှုထမ်းသက်သည် ထိုပင်ရှင်လစာတွက်ချက်ရန်ကိစ္စ များ အတွက် အမှုထမ်းသက်ဖြစ်သည်ဟုမှတ်ယူရမည်။

(၄) အဆိုပါတရားဝန်ကြီး၏အမှုထမ်းသက် အချို့အဝက်တွင်၊ တရားဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သည့် အမှုထမ်းသက်ပါဝင်လျှင်၊ ထိုတရားဝန်ကြီးအား ပေးရမည့်ပင်ရှင်လစာ သည်၊ ထိုတရားဝန်ကြီး၏ ပင်ရှင်အတွက် အမှုထမ်းသက်တလျှောက်လုံးတွင် တရားဝန်ကြီး ချုပ်အဖြစ်ဖြင့်မ ဟုတ်ဘဲ၊ အခြားနည်းဖြင့် ဆောင်ရွက်ပါက ထိုသို့ ဆောင်ရွက်သည့်အမှုထမ်းသက်အတွက် ရခွင့်ရှိမည့် ပင်ရှင်လစာအောက် မည်သည့် နည်းနှင့်မျှမနည်း စေရ။

၁၆။ ။ တရားဝန်ကြီးတဦးမှာ ပင်ရှင်လစာကို သက်ဆိုင်ရာနည်းဥပဒေများအရ၊ အထင်အရှားနည်း လမ်းတကျရခွင့်ရှိသည်ဟု တာဝန်ခံစာရင်းစစ်အရာရှိက သက်သေခံလက်မှတ်ရေးထိုးလျှင် ပင်ရှင်လစာ ကို နိုင်ငံတော် သမတက ခွင့်ပြုနိုင်သည်။

၁၇။ ။ သူတပါး၏လက်ချက်ကြောင့် သေဆုံးရသည့်၊ သို့တည်းမဟုတ် ဒဏ်ရာရသည့်ဘဏ္ဍာတော် မင်းကြီးတဦးအား၊ အထူးပင်ရှင်လစာများ ပေးခြင်း၊ ဆုငွေများပေးခြင်း၊ မစွမ်းမသန်ဖြစ်သောကြောင့် အထူးအားလပ်ခွင့်နှင့် သက်ဆိုင်သော အထူးအခွင့်အရေးများပေးခြင်းတို့အတွက် တည်ဆဲနည်းဥပဒေ များသည်တရားဝန်ကြီးနှင့် သက်ဆိုင်ရမည်။

၁၈။ ။တရားဝန်ကြီးသည် မိမိ၏ပင်ရှင်လစာကို မြန်မာနိုင်ငံမြို့ပြဆိုင်ရာ ပင်ရှင်လစာ (လဲလှယ် ခွင့်ပြုခြင်း) နည်းဥပဒေများအရ ခွင့်ပြုသမျှလဲလှယ်နိုင်သည်။

၁၉။ ။ အထူးပင်ရှင်လစာပေးခြင်း၊ ဆုငွေပေးခြင်း၊ သို့တည်းမဟုတ် ပင်ရှင်လစာလဲလှယ်ခြင်းနှင့် သက် ဆိုင်သည့် နည်းဥပဒေများတွင် အခြားနည်းအတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ တရားဝန်ကြီး

Myanmar Law Information System (MLIS)

အားဤနည်းဥပဒေများအရရခွင့်ရှိသည့်အဆိုပါပင်ရှင်လစာကို၊ သို့တည်းမဟုတ် ဆုငွေကိုပေးနိုင်သည်။ သို့တည်းမဟုတ် လစာကိုလဲလှယ်ခွင့်ပြုနိုင်သည့်အာဏာပိုင်သည်၊ နိုင်ငံတော် သမတ ဖြစ်ရမည်။

၂၀။ ။ တရားဝန်ကြီးသည်၊ မိမိသဘောအတိုင်း အရပ်ရပ်အိုနာစာ ရံပုံငွေသို့ မြန်မာနိုင်ငံအရပ်ရပ်အိုနာစာ ရံပုံငွေဆိုင်ရာ နည်းဥပဒေများနှင့်အညီ ထည့်သွင်းနိုင်သည်။

၂၁။ ။ (၁) လွှတ်တော်ချုပ်နှင့် လွှတ်တော်တရားဝန်ကြီးသည်၊ အာဏာလွှဲပြောင်းသည့်နေ့ရက်မတိုင်မီက မြန်မာနိုင်ငံဝန်ထမ်း (ပဋမတန်း) အဖွဲ့နှင့် မြို့ပြဆိုင်ရာဘက်တွင် အိန္ဒိယပဋိညာဉ်ခံအဖွဲ့မှ အငြိမ်းစားယူ ခဲ့သူဖြစ်လျှင်၊ ဤနည်းဥပဒေများ၏ ဇယားတွင် ဖော်ပြထားသော ပင်ရှင်နှုန်းများအတိုင်း နှစ်စဉ်ပင်ရှင် ကို ထိုတရားဝန်ကြီးသည်ရထိုက်ခွင့်မရှိစေရ။

(၂) အဆိုပါ တရားဝန်ကြီးသည်၊ ဤနည်းဥပဒေများတွင် ပါရှိသော အားလပ်ခွင့်ပေးရေးစည်းမျဉ်း များအတိုင်းအခြားတရားဝန်ကြီးများကဲ့သို့ အားလပ် ခွင့်ရရှိမည်။

**သေဆုံးမှု၊ သို့တည်းမဟုတ် အငြိမ်းစားယူမှုဆိုင်ရာဆု။**

၂၂။ ။ (၁) တရားဝန်ကြီးသည် တရားဝန်ကြီးအဖြစ် အမှုထမ်းသက် သုံးနှစ်ပြည့်ပြီးနောက်၊ အငြိမ်း စားယူလျှင်၊ ထိုတရားဝန်ကြီးမှာ ဤအပိုင်းပါ နည်းဥပဒေများအရ၊ ရထိုက်ခွင့်ရှိသော ပင်ရှင်လစာ၊ သို့ တည်းမဟုတ် ဆုငွေအပြင်၊ နည်းဥပဒေခွဲ (၃) တွင်သတ်မှတ်ထားသည်ထက်မပိုသော ဆုငွေကိုလည်း ရ ထိုက်ခွင့်ရှိရမည်။

(၂) တရားဝန်ကြီးသည်၊ တရားဝန်ကြီးအဖြစ် အမှုထမ်းသက်သုံးနှစ်ပြည့်ပြီးနောက်၊ သေဆုံးလျှင်၊ နည်း ဥပဒေခွဲ (၃) တွင်သတ်မှတ်ထားသည်ထက်မပိုသော ဆုငွေကို နည်းဥပဒေ ၂၃ အရဆုငွေထိုက်သူ၊ သို့တည်းမဟုတ် ဆုငွေထိုက်သူများအားဖြစ်စေ၊ ထိုသူ၊ သို့တည်းမဟုတ် ထိုသူများမရှိလျှင် တရားဝန် ကြီး၏အမွေဆက်ခံခွင့် ရှိသူများအားဖြစ်စေ ပေးရမည်။

(၃) ဤနည်းဥပဒေအရ၊ ရထိုက်ခွင့်ရှိသည့်ဆုငွေမှာ တရားဝန်ကြီး၏ အမှုထမ်းသက်တနှစ်လျှင် တလ၏ လစာဝက်နှင့် ညီမျှသောဆုငွေဖြစ်ရမည်။ သို့ရာတွင်အများဆုံးရရှိမည့် ဆုငွေသည် ခုနစ်လခွဲအ တွက်လ စာထက်မပိုစေရ၊ ထို့ပြင်တရားဝန်ကြီးအမှုထမ်းနေစဉ် သေဆုံးသော်၊ ထိုတရားဝန်ကြီးအတွက် ရထိုက်ခွင့်ရှိသည့် ဆုငွေသည်၊ ထိုတရားဝန်ကြီးသေဆုံးသည့် အချိန်၌ ရရှိသည့်လစာ၏ ငါးဆအောက် မနည်းစေရ။

(၄)ဤနည်းဥပဒေပါကိစ္စများအလို့ငှါ "အမှုထမ်းသက်" ဆိုသည်မှာ၊ ပင်ရှင်၊ သို့တည်းမဟုတ် ဆုငွေကို တွက်ချက်ရာ၌ ထည့်သွင်းရေတွက်ခွင့် ပြုသည့်အမှုထမ်းသက်ကိုဆိုလိုသည်။

၂၃။ ။ တရားဝန်ကြီးများ၏ဇနီး၊ သားသမီး၊ သို့တည်းမဟုတ် ဆွေမျိုးများအားပင်ရှင်၊ သို့တည်းမဟုတ် ဆုငွေနှင့် စပ်လျဉ်း၍ အမည်တင်သွင်းခြင်းသည် အစိုးရရာထမ်းမှုထမ်းများ ပင်ရှင်ပေးရေး နည်းဥပဒေ ပါပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရမည်။

**မိသားစုပင်ရှင်။**

၂၄။ ။တရားဝန်ကြီးသည်၊ အမှုထမ်းရွက်နေစဉ်သေဆုံးပါက၊ မိသားစုပင်ရှင်ကို သေဆုံးသည့်နေ့ရက်မှ ၁၀ နှစ်၊ သို့တည်းမဟုတ် ထိုတရားဝန်ကြီး အသက်ရှင်နေခဲ့သော် အသက် ၆၅ နှစ်ပြည့်မည့် နေ့ရက်ထိ၊ နည်းရာကာလအတွက် မိသားစုပင်ရှင် ကိုအစိုးရ ရာထမ်း မှုထမ်းများအဘို့ သတ်မှတ်ထားသည့် နည်းဥ ပဒေများအတိုင်းပေးရမည်။

**အပိုင်း ၄။**



Myanmar Law Information System (MLIS)

**ခရီးစရိတ်များ။**

၂၅။ ။ တရားဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အလုပ်ဝတ္တရားနှင့် ခရီးသွားလာရာ၌ ကုန်ကျသည့်စရိတ်များအတွက် သင့်လျော်သော ခရီးစရိတ်များ ကိုငင်း၊ ခရီးသွားလာခြင်းနှင့်စပ်လျဉ်း၍ သင့်လျော်သော လွယ်ကူမှုများကိုငင်း နိုင်ငံတော်သမတက အခါအားလျော်စွာ သတ်မှတ်သည်အတိုင်းရရှိရမည်။

၂၆။ ။ ၁၉၄၈ ခုနှစ်၊ လွှတ်တော်ချုပ် တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန်ကြီးများ ဆိုင်ရာနည်း ဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုတ်သိမ်းလိုက်သည်။

**ပဋ္ဌမဇယား။**

**(နည်းဥပဒေ ၁၃ (၁)။ )**

**လွှတ်တော်ချုပ်တရားဝန်ကြီးများ၏ပင်ရှင်လစာ။**

| | | |
|---|---|---|
| ၃ နှစ်ပြည့်သော်လည်း၊ ၄ နှစ်မပြည့်လျှင် ၄ နှစ်ပြည့်သော်လည်း၊၅(၁/၂) နှစ်မပြည့်လျှင် | ကျပ် ၂,၀၀၀ ၃,၀၀၀ | ကျပ် --- --- |
| ---- ----- | ပင်ရှင်အတွက် အမှုထမ်း သက်တွင် တရားဝန်ကြီး ချုပ်အဖြစ်ဖြင့် ဆောင် ရွက်ခဲ့သည့် အမှုထမ်း သက်အနည်းဆုံး ငါးနှစ် ပါဝင်လျှင် | ပင်ရှင်အတွက် အမှုထမ်းသက် တွင် တရားဝန်ကြီးချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည့် အမှုထမ်း သက် အနည်းဆုံးငါးနှစ် မပါဝင်လျှင် |
| ၅(၁/၂) နှစ်ပြည့်သော်လည်း၊ ၆(၃/၄) နှစ်မပြည့် လျှင် ---- | ကျပ် ၅,၀၀၀ | ကျပ် ၄,၀၀၀ |
| ၆(၃/၄) နှစ်ပြည့်သော်လည်း၊ ၈(၁/၂) နှစ်မပြည့် လျှင် ---- | ၇,၀၀၀ | ၆,၀၀၀ |
| ၈(၁/၂) နှစ်ပြည့်သော်လည်း၊ ၁၀ နှစ်မ ပြည့် လျှင် ---- | ၈,၀၀၀ | ၇,၀၀၀ |
| ၁၀နှစ်ပြည့်သော်လည်း၊ ၁၁(၁/၂) နှစ်မ ပြည့်လျှင် ---- | ၁၀,၀၀၀ | ၈,၀၀၀ |
| ၁၁(၁/၂) နှစ်၊ သို့တည်းမဟုတ် | ၁၂,၀၀၀ | ၁၀,၀၀၀ |

Myanmar Law Information System (MLIS)

၎င်းအထက် ----

## ဒုတိယဇယား။

## (နည်းဥပဒေ ၁၃ (၁)။ )

## လွှတ်တော်တရားဝန်ကြီးများ၏ပင်စင်လစာ။

| | | |
|---|---|---|
| ၃ နှစ်ပြည့်သော်လည်း၊ ၄ နှစ်မပြည့်လျှင် ၄ နှစ်ပြည့်သော်လည်း၊၅(၁/၂) နှစ်မပြည့်လျှင် | ကျပ် ၁,၀၀၀ ၂,၀၀၀ | ကျပ် --- --- |
| ---- ----- | ပင်ရှင်အတွက် အမှု ထမ်းသက်တွင် တရား ဝန်ကြီးချုပ် အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည့် အမှု ထမ်းသက် အနည်း ဆုံးငါးနှစ် ပါဝင်လျှင် | ပင်ရှင်အတွက် အမှုထမ်းသက်တွင်တရားဝန်ကြီးချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည့် အမှုထမ်း သက်အနည်းဆုံးငါးနှစ် မပါဝင် လျှင် |
| ၅(၁/၂) နှစ်ပြည့်သော်လည်း၊ ၆(၃/၄) နှစ်မပြည့် လျှင် ---- | ကျပ် ၄,၀၀၀ | ကျပ် ၃,၀၀၀ |
| ၆(၃/၄) နှစ်ပြည့်သော်လည်း၊ ၈(၁/၂) နှစ်မပြည့် လျှင် ---- | ၆,၀၀၀ | ၅,၀၀၀ |
| ၈(၁/၂) နှစ်ပြည့်သော်လည်း၊ ၁၀ နှစ်မ ပြည့် လျှင် ---- | ၇,၀၀၀ | ၆,၀၀၀ |
| ၁၀နှစ်ပြည့်သော်လည်း၊ ၁၁(၁/၂) နှစ်မ ပြည့်လျှင် ---- | ၈,၀၀၀ | ၇,၀၀၀ |
| ၁၁(၁/၂) နှစ်၊ သို့တည်းမဟုတ် ၎င်းအထက် ---- | ၁၀,၀၀၀ | ၉,၀၀၀ |

Myanmar Law Information System (MLIS)

**----- Footnote -----**

(၁၉၆၁ ခုနှစ်၊ လွှတ်တော်ချုပ် တရားဝန်ကြီးများနှင့် လွှတ်တော်တရားဝန်ကြီးများဆိုင်ရာနည်းဥပဒေများ။)

[ပင်ရင်း- ၂၀၀၀ ပြည့်နှစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှထုတ်ဝေသော ၁၉၆၁ ခုနှစ် အက်ဥပဒေများနှင့် နည်းဥပဒေများစာအုပ်မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)